# 3 နေထိုင်စားသောက်ရေးအတွက် အခြေခံဝန်ဆောင်မှုများ

## 3-6 ဘတ်စ်ကား(လိုင်းကား)

### (1) ဘတ်စ်ကားဂိတ်

အဓိကမီးရထားဘူတာအများစုတွင် ဘတ်စ်ကားဂိတ်ရှိသည်။

### (2) ဘတ်စ်ကားအချိန်ဇယား

ဘတ်စ်ကားမှတ်တိုင်တွင်အချိန်ဇယားရှိသည်။ ဘတ်စ်ကားသည့် ရထားအချိန်နှင့်ကိုက်ညီအောင်စီစဉ်ထားလေ့ရှိသည်။ မြို့လယ်ခေါင်တွင် မီးရထားအချိန်နှင့်ဆက်စပ်မှုရှိအောင် အချိန်ဇယားဆွဲထားသည်။ လမ်းပိတ်ဆို့မှုစသည့်တို့ကြောင့် အချိန်ဇယားတိုင်း ဘတ်စ်ကားမလာနိုင်သည့်အခါလည်းရှိတတ်သည်။

### (3) ဘတ်စ်ကားဦးတည်မည့်နေရာ

ဘတ်စ်ကားဦးတည်သည့်နေရာကို ရှေ့မှန်အပေါ်တွင်ပြသထားသည်။ ဆင်းမည့်မှတ်တိုင်မသိလျှင် ယာဉ်မောင်းကို မေးပါ။

### (4) ဘတ်စ်ကားစီးခြင်း

မှတ်တိုင်မှာ စီးမည့်ဘတ်စ်ကားလာလျှင် လက်မြှောက်ကာတား၍ စီးနိုင်သည်။ ရှေ့အပေါက်မှစီးကာ အရင်ဘတ်စ်ကားခပေးသွင်းသည့်စနစ်နှင့် အလယ်(သို့) နောက်ပေါက်မှ စီးကာ နံပါတ်ပါသောကူပွန်ကိုယူ ဆင်းသည့်အခါ ကားခပေးသောစနစ်ရှိသည်။ ကလေးခ(အသက်၁၂နှစ်အောက်)သည့် လူကြီးခ၏တစ်ဝက် ဖြစ်သည်။ အသက်၆နှစ်အောက်ကလေးသည် လူကြီးနှင့် အတူစီးပါက နှစ်ယောက်အထိ အခမဲ့စီးနိုင်ပါသည်။ တတိယမြောက်ကလေးအတွက် လူကြီးနှုန်း၏တစ်ဝက်ကိုပေး ဆောင်ရမည်။

### (5) ဘတ်စ်ကားဆင်းခြင်း

ဆင်းမည့်မှတ်တိုင်ကို ပြောကြားအသိပေးလာပါက အဆင်းခလုတ်ကို နှိပ်မည်။ ယေဘုယျအားဖြင့် ဘတ်စ်ကားခကို

ဘတ်စ်ကားရှေ့တွင်ပြသထားသည့် ဘတ်စ်ကားခဇယားနှင့် ကူပွန်နံပါတ်ကို တိုက်ကြည့်ကာ ယာဉ်မောင်းဘေးတွင်ထားသည့် ဘတ်စ်ကားခပေးသွင်းစက်ထဲသို့ ကူပွန်နှင့်တကွ ထည့်သည်။ အကြွေမရှိလျှင် ဘတ်စ်ကားခပေးသွင်းစက်ဘေးတွင်ရှိသည့် အကြွေစက်တွင် ငွေလဲနိုင်သည်။

**(6) စျေးလျှော့ရောင်းသည့်လက်မှတ်များ**

ဘတ်စ်ကားအတွက်လည်း လပေးလက်မှတ် ၊ အတွဲလိုက်လက်မှတ် ၊prepaid ကတ်ပြားစသည့် လက်မှတ်ကို စျေးလျှော့ရောင်းသည့်စနစ်ရှိသည်။